# ဒဏ်ခတ်ပိတ်ဆို့ခံကုမ္ပဏီအုပ်စုအား ဆော့ဖ်ဝဲလ်လုပ်ငန်း စာချုပ်ကြီး ချုပ်ဆိုပေးအပ်လိုက်ခြင်းဖြင့် မြန်မာစစ်အုပ်စုက ရုရှားနှင့် ဆက်ဆံရေး ပိုမိုတိုးမြှင့်လာ

အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါတို့၏ ဒဏ်ခတ်ပိတ်ဆို့ခံ ရုရှားလုပ်ငန်း Astra Group ကို မြန်မာစစ်အုပ်စုက National Single Window စနစ်တစ်ခု တည်ဆောက်ရန် စာချုပ်ချုပ်ဆိုခဲ့သည်။ အဆိုပါ National Single Window သည် အွန်လိုင်းလမ်းညွှန်ပေါ်တယ်တစ်ခုမှတစ်ဆင့် နိုင်ငံ၏ ပို့ကုန်၊သွင်းကုန်ဆိုင်ရာ စာရွက်စာတမ်း လုပ်ငန်းစဉ်အားလုံးကို တစ်နေရာတည်းတွင် ဆောင်ရွက်ပေးမည့်စနစ်တစ်ရပ်ဖြစ်သည်။

ယင်းပေါ်တယ်သည် ကုန်သွယ်ရေးလုပ်ငန်းများအတွက် လိုင်စင်ထုတ်ပေးခြင်းနှင့် အကောက်ခွန်ရှင်းလင်းခြင်း လုပ်ငန်းများကို ကိုင်တွယ်ဆောင်ရွက်ပေးပြီး၊ မြန်မာစစ်အုပ်စု၏ တရားမဝင် ထိန်းချုပ်မှုအောက်ရှိ ဝန်ကြီးဌာနများနှင့် ဌာနဆိုင်ရာများကို ချိတ်ဆက်ပေးမည် ဖြစ်သည်။

အဆိုပါ Single Window စနစ်ကို ရုရှားအစိုးရက ၎င်း၏ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၊ စီးပွား ရေးဖွံ့ဖြိုးမှုဝန်ကြီးဌာနတို့မှလည်းကောင်း၊ မြန်မာနိုင်ငံရှိ ရုရှားသံရုံးနှင့် ကုန်သွယ်ရေးမစ်ရှင်တို့မှ လည်းကောင်း ပံ့ပိုးပေးလျက်ရှိသည်။

Astra Group ၏ သတင်းထုတ်ပြန်ချက်အရ အဆိုပါပလက်ဖောင်းကို အနာဂတ် "နိုင်ငံအဆင့်ဒစ်ဂျစ်တယ်ဝန်ဆောင်မှုအသစ်များ"အား လက်ရှိတည်ဆောက်မှုပုံစံပေါ်တွင်ပင် ဆက်လက်ချဲ့ထွင် အကောင်အထည်ဖော်သွားနိုင်ရန် ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်ကြောင်း သိရသည်။ သို့ဖြစ်ရာ Astra Group အနေဖြင့် Single Window စနစ် တည်ဆောက်ပေးခြင်းထက် ကျော်လွန်သော၊ မြန်မာစစ်အုပ်စု၏ ဒစ်ဂျစ်တယ်အာဏာရှင်စနစ်တွင် ပိုမိုကျယ်ပြန့်သည့် အခန်းကဏ္ဍမှ ပါဝင်လုပ်ဆောင်လာနိုင်သည့် အန္တရာယ်ကို ဖြစ်စေသည်။

ယင်းစနစ်သည် မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးလိုင်စင်စည်းမျဉ်းများအရ သွင်းကုန်နှင့် ပို့ကုန် လုပ်ငန်းရှင်များ တင်ပြရန်လိုအပ်သော မှတ်ပုံတင်၊ နိုင်ငံကူးလက်မှတ်မိတ္တူများနှင့် ဘဏ်စာရင်းများကဲ့သို့သော အရေးကြီးသည့် ပုဂ္ဂိုလ်ရေးအချက်အလက်များကို ကိုင်တွယ်လုပ်ဆောင်ရဖွယ်ရှိသောကြောင့် ယင်းအချက်အလက်များကို ရုရှားနိုင်ငံက ရယူနိုင်သည့် အန္တရာယ်တစ်ရပ်လည်း ရှိလာနိုင်သည်။

ယင်းစာချုပ်ကို ဩဂုတ်လ ၁၂ ရက်နေ့တွင် နေပြည်တော်ရှိ စစ်အုပ်စု၏ အကောက်ခွန်ဦးစီးဌာနက Astra Group ၏ လက်အောက်ခံကုမ္ပဏီ Astra Consulting LLC ၏ မြန်မာရုံးခွဲနှင့် လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါစာချုပ်တွင် မြန်မာကုမ္ပဏီ Fortitech Company Limited နှင့် “Garuda Solution” တို့လည်း မိတ်ဖက်အဖြစ် ပါဝင်သည်။

Astra Group ၏ ဒုတိယအမှုဆောင်အရာရှိချုပ် (၁) Nikolay Pryanishnikov သည် လက်မှတ်ရေးထိုးပွဲအတွက် မြန်မာနိုင်ငံသို့ ရောက်ရှိနေကြောင်း ၎င်း၏ ဆိုရှယ်မီဒီယာအကောင့်တွင် ဖော်ပြထားသည်။

Astra Consulting သည် ယင်းစာချုပ် မချုပ်ဆိုမီ ၂၀၂၆ ခုနှစ်၊ ဇွန်လတွင် မြန်မာနိုင်ငံ၌ ရုံးခွဲတစ်ခုကို မှတ်ပုံတင်ခဲ့ကြောင်း မြန်မာနှင့်ရုရှား ကုမ္ပဏီမှတ်ပုံတင် စာရင်းများအရ သိရသည်။

Astra Group သည် ရုရှားစစ်တပ်၊ ထောက်လှမ်းရေးယန္တရားတို့နှင့် နီးကပ်သော ဆက်ဆံရေးရှိသည့် ဆော့ဖ်ဝဲကုမ္ပဏီတစ်ခုဖြစ်သည်။ ၎င်းကုမ္ပဏီသည် ယခုနှစ်အစောပိုင်းက မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် အဆင့်မြင့်ခရီးစဉ်တစ်ခုအတွင်း စစ်အုပ်စုထံ ပေးအပ်ခဲ့သော Astra Linux ကွန်ပျူတာ စက်လည်ပတ်ရေးစနစ်ကြောင့် လူသိများသည်။

Astra Group ၏ <u>ဈေးကွက်မြှင့်တင်ရေးကြော်ငြာများ</u>တွင် ရုရှားကာကွယ်ရေးဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရယ်လုံခြုံရေးဌာနတို့ကို ၎င်းတို့၏ အဓိကဖောက်သည်များအဖြစ် ဖော်ပြထားသည်။ ထို့အပြင် နိုင်ငံပိုင်အာကာသကော်ပိုရေးရှင်း Roscosmos၊ နိုင်ငံပိုင် နျူကလီးယားစွမ်းအင်ကော်ပိုရေးရှင်း Rosatom၊ လက်နက်ထုတ်လုပ်ရေးကုမ္ပဏီများဖြစ်သည့် Almaz-Antey၊ Tactical Missiles Corporation နှင့် Rostec ၏ United Instrument Manufacturing Corporation တို့ကိုလည်း ဖော်ပြထားသည်။

Astra Linux ကို တည်ဆောက်ခဲ့သည့် JSC RPA Rusbitech အား အီးယူ၏ ၂၀၂၂ ခုနှစ် ဒဏ်ခတ်ပိတ်ဆို့မှု တွင် "ရုရှားစစ်တပ်ဌာနချုပ်၏ အဓိက သတင်းအချက်အလက်စနစ်များသည် Astra Linux အပေါ်တွင် အခြေခံထားသည်။ ယင်းကုမ္ပဏီသည် ယူကရိန်းအပေါ် ရုရှား၏ ကျူးကျော်စစ်အတွင်း စစ်မြေပြင်ဆက်သွယ်ရေးအတွက် တက်ကြွစွာ အသုံးပြုနေသည့် APE-5 အမျိုးအစား ကွပ်ကဲရေးစခန်းများ ထုတ်လုပ်သည့် ကုမ္ပဏီအဖြစ် လူသိများသည်" ဟုဖော်ပြခဲ့သည်။

Astra Consulting ကို ရုရှားလုံခြုံရေးအေဂျင်စီနှစ်ခုက လုပ်ငန်းလိုင်စင်ပေးအပ်ထားကြောင်း ရုရှား ကုမ္ပဏီ မှတ်ပုံတင်မှတ်တမ်းများတွင် တွေ့ရသည်။ ရုရှားကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ စစ်ရေးဆိုင်ရာ အေဂျင်စီ FSTEC သည် လျှို့ဝှက်သတင်းအချက်အလက်များကို ကာကွယ်ပေးခြင်းဆိုင်ရာ နည်းလမ်းများ ဖန်တီးထုတ်လုပ်ခြင်းနှင့် ယင်းအချက်အလက်များကို နည်းပညာပိုင်းဆိုင်ရာ ကာကွယ်ပေးခြင်းတို့ ပါဝင်သော လိုင်စင်နှစ်ခုကို ၂၀၂၄ ခုနှစ် အောက်တိုဘာလနှင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလတို့တွင် ထုတ်ပေးခဲ့သည်။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလတွင် FSB ကလည်း ကုဒ်ဝှက်စနစ်များနှင့် လုံခြုံသော တယ်လီဆက်သွယ်ရေး စနစ်များ တီထွင်၊ ထုတ်လုပ်၊ ဖြန့်ဖြူးရေးအတွက် လုပ်ငန်းလိုင်စင် ပေးအပ်ခဲ့သည်။

ရုရှားကာကွယ်ရေးဝန်ကြီးဌာန၊ ထောက်လှမ်းရေးယန္တရားများနှင့် ဆက်နွယ်ချိတ်ဆက်မှုရှိကြောင်း အထောက်အထားများ ရှိနေသော်လည်း Astra Consulting ကို မည်သည့်နိုင်ငံကမှ တိုက်ရိုက် ဒဏ်ခတ်ပိတ်ဆို့ထားခြင်း မရှိသေးပေ။

ရုရှား၏ စစ်ဘက်စက်မှုလုပ်ငန်းကို အထောက်အကူပြုသည့် ရုရှားစီးပွားရေးကဏ္ဍတွင် ပါဝင်လုပ်ကိုင်နေမှုကြောင့် Astra Group အား ၂၀၂၄ ခုနှစ်၊ မေလတွင် အမေရိကန်ပြည်ထောင်စုက ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်ခဲ့သည်။ ကနေဒါနိုင်ငံကလည်း ၂၀၂၆ ခုနှစ်၊ အစောပိုင်းတွင် ၎င်း၏ ရုရှားနိုင်ငံဆိုင်ရာ ပိတ်ဆို့အရေးယူမှု စည်းမျဉ်းများအရ Astra Group ကို ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်ခဲ့သည်။

အမေရိကန်၏ ဒဏ်ခတ်ပိတ်ဆို့မှုစည်းမျဉ်းများအရ ဒဏ်ခတ်ပိတ်ဆို့ခံထားရသည့် ကုမ္ပဏီတစ်ခုက ၅၀ ရာခိုင်နှုန်းနှင့်အထက် ပိုင်ဆိုင်ထားသည့် အဖွဲ့အစည်းသည်လည်း အလိုအလျောက် ဒဏ်ခတ်ပိတ်ဆို့ခံရမည် ဖြစ်သည်။ Justice For Myanmar အနေဖြင့် Astra Consulting ၏ ပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်များ

ကို ရယူနိုင်ခြင်းမရှိခဲ့ပေ။ အကြောင်းမှာ ရုရှားကုမ္ပဏီမှတ်ပုံတင်ဌာနရှိ ယင်းကုမ္ပဏီ၏ ရှယ်ယာရှင်မှတ်တမ်းများကို ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် ဝင်ရောက်ကြည့်ရှုခွင့် ကန့်သတ်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ထိုနေ့တွင်ပင် ကုမ္ပဏီ၏ ဒါရိုက်တာအချက်အလက်များကိုလည်း ဝင်ရောက် ကြည့်ရှုခွင့် ကန့်သတ်ခဲ့သည်။

ယူကေနိုင်ငံက Astra Group ကို ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်ထားခြင်း မရှိသေးသော်လည်း၊ Astra Group အား ပိုင်ဆိုင်သည် သို့မဟုတ် ထိန်းချုပ်ထားသည် ဆိုသည့် အကြောင်းပြချက်ဖြင့် ၂၀၂၄ ခုနှစ် ဇွန်လတွင် Denis Frolov ကို ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်ခဲ့သည်။ Astra Group သည် ရုရှားအစိုးရအတွက် မဟာဗျူဟာအရေးပါမှုရှိသည့် ကဏ္ဍတစ်ခုတွင် ပါဝင်လုပ်ကိုင်နေကြောင်း ယူကေက သတ်မှတ်ခဲ့သည်။ Astra Consulting ၏ ပိုင်ဆိုင်မှုဖွဲ့စည်းပုံအပေါ် မူတည်၍ Denis Frolov အပေါ် ချမှတ်ထားသည့် ဒဏ်ခတ်ပိတ်ဆို့မှုများသည် Astra Consulting အပေါ်သို့လည်း သက်ရောက်နိုင်သည်။

မြန်မာနိုင်ငံအတွက် Single Window စနစ်၏ အသေးစိတ်အစီအစဉ်ကို ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းကြိုးပမ်းမှုမတိုင်မီ ၂၀၂၀ ခုနှစ်တွင် ကမ္ဘာ့ဘဏ်က Australian Aid နှင့် UK Aid တို့၏ ပံ့ပိုးမှုဖြင့် ရေးဆွဲဖန်တီးခဲ့ခြင်းဖြစ်သည်။

Astra Group ကမူ မြန်မာနိုင်ငံအတွက် စနစ်အခြေခံတည်ဆောက်ပုံကို မြန်မာဘက်မှမိတ်ဖက်များ နှင့်အတူ ၎င်းတို့၏ ကျွမ်းကျင်သူများက ရေးဆွဲခဲ့သည်ဟု ဆိုထားသည်။ သို့သော် ယခင်ရေးဆွဲထားသော အသေးစိတ်အစီအစဉ်ကို မည်မျှအတိုင်းအတာအထိ လိုက်နာလုပ်ဆောင်ထားခြင်း ရှိမရှိအပေါ်တွင်မူ Astra Group နှင့် စစ်အုပ်စုတို့က ထုတ်ဖော်ပြောကြားထားခြင်း မရှိပေ။

အဆိုပါ မြန်မာ Single Window စာချုပ်သည် အာဆီယံအတွက်လည်း အန္တရာယ်များ ဖြစ်ပေါ် စေသည်။ အကြောင်းမှာ Astra Group တည်ဆောက်မည့် စနစ်သည် ASEAN Single Window နှင့် ချိတ်ဆက်ရန် ရည်ရွယ်ထားသောကြောင့်ဖြစ်သည်။ ASEAN Single Window သည် ဒေသတွင်း ကုန်သွယ်မှု လွယ်ကူချောမွေ့စေရန် ရည်ရွယ်၍ အမေရိကန် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (USAID) ၏ ပံ့ပိုးမှုဖြင့် တည်ဆောက်ခဲ့သည့် စနစ်တစ်ရပ်ဖြစ်သည်။ ထိုစနစ်မှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများသည် မူရင်း

ထုတ်လုပ်သည့်နိုင်ငံဖြစ်ကြောင်း သက်သေခံ လက်မှတ်များ နှင့် အကောက်ခွန်ကြေညာလွှာ စာရွက်စာတမ်းများကို ဖလှယ်ကြခြင်းဖြစ်သည်။

စစ်အုပ်စုက Astra Group ကို လုပ်ကိုင်ခွင့် ပေးအပ်လိုက်ခြင်းကြောင့် ယင်းစနစ်နှစ်ခု ချိတ်ဆက်သွားပါက ဒဏ်ခတ်ပိတ်ဆို့ခံ ရုရှားကုမ္ပဏီတစ်ခုသည် ASEAN Single Window ကို အသုံးပြုခွင့်ရရှိနိုင်မှု၊ ယင်းမှတဆင့် စီးဆင်းနေသော အကောက်ခွန်နှင့် ကုန်သွယ်ရေးဆိုင်ရာ အချက်အလက်များကို ရယူအသုံးပြုနိုင်မှု များ အပေါ် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အထူးစိုးရိမ်သင့်သည်။

## စစ်ရာဇဝတ်ကောင် မင်းအောင်လှိုင်က ရုရှားနှင့် ဆက်ဆံရေးကို ပိုမိုမြှင့်တင်ရန် ကြိုးပမ်းနေ

Astra Group ၏ သတင်းထုတ်ပြန်ချက်အရ Single Window စီမံကိန်းသည် အမည်ပြောင်းစစ်အုပ်စု၏ "ရက် ၁၀၀ စီမံကိန်း" အောက်တွင် မင်းအောင်လှိုင်၏ ဦးစားပေးလုပ်ငန်းတစ်ရပ် ဖြစ်သည်။

အဆိုပါစာချုပ်ကို တရားမဝင်စစ်အုပ်စု၏ အတုအယောင်ရွေးကောက်ပွဲအပြီး မင်းအောင်လှိုင် ရုရှားနိုင်ငံသို့ ပထမဆုံးအကြိမ် သွားရောက်မည့် ခရီးစဉ်မတိုင်မီ ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး၊ စစ်အုပ်စု နှင့် ကရင်မလင်အစိုးရတို့အကြား ပိုမိုနက်ရှိုင်းလာနေသော ကြံရာပါပတ်သက်မှုကို ပြသနေသည်။

ရုရှားသည် စစ်အုပ်စုအား အဓိက လက်နက်ရောင်းချပေးနေသည့်နိုင်ငံများ အနက် တစ်နိုင်ငံဖြစ်သည်။ အပြစ်ပေးအရေးယူခံရခြင်း ကင်းလွတ်စွာဖြင့် အရပ်သားများကို သတ်ဖြတ်ခြင်း၊ အရပ်ဘက် အခြေခံအဆောက်အအုံများကို ဖျက်ဆီးခြင်း များပြုလုပ်နေသည့် စစ်အုပ်စု၏ ကြီးထွားကျယ်ပြန့်လာသော လေကြောင်းအကြမ်းဖက်စစ်ဆင်ရေးများတွင် အသုံးပြုနေသည့် တိုက်လေယာဉ်များကိုလည်း ရုရှားနိုင်ငံကပင် ရောင်းချထောက်ပံ့ပေးထားသည်။

ရုရှား၏ ပံ့ပိုးမှုများဖြင့် စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများ ပိုမိုပြင်းထန်လာလျက်ရှိသည်။ ကုလသမဂ္ဂ၏ အစီရင်ခံမှုများအရ ၂၀၂၅ ခုနှစ်အတွင်း စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် အရပ်သားပြည်သူ အနည်းဆုံး ၉၈၂ ဦး သေဆုံးခဲ့ပြီး၊ ၂၀၂၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၅၃ ရာခိုင်နှုန်း မြင့်တက်

လာခဲ့သည်။ ထို့အပြင် ယင်းနှစ်သည် အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း ကလေးသူငယ် သတ်ဖြတ်ခံရမှု အများဆုံးနှစ်လည်း ဖြစ်ခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်က ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလအထိ ရုရှားမှ မြန်မာနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၄၀၆ သန်းတန်ဖိုးရှိ လက်နက်များ ကုန်သွယ်မှုရှိခဲ့ကြောင်း ဖော်ထုတ်ခဲ့ပြီးဖြစ်သည်။ ထိုလက်နက်များတွင် Su-30 တိုက်လေယာဉ် အသစ်များနှင့် MiG-29 တိုက်လေယာဉ်များအတွက် အပိုပစ္စည်းများ ပါဝင်ခဲ့သည်။

ထို့အပြင် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လတွင် ရုရှားစစ်တပ်သည် စစ်အုပ်စုနှင့် ပထမဆုံးအကြိမ် ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့ပြီး၊ ချေမှုန်းရေးတပ်ဖွဲ့များ၊ စနိုက်ပါများနှင့် ဒရုန်းများ အသုံးပြုကာ ရန်သူကို တိုက်ခိုက်သည့် လေ့ကျင့်မှုများ ပါဝင်ခဲ့သည်။

စစ်အုပ်စုက နိုင်ငံတကာရာဇဝတ်မှုများ ကျူးလွန်ရာတွင် အသုံးပြုနေသည့် လက်နက်များကို သိလျက်နှင့် ပံ့ပိုးပေးခြင်း၊ ရက်စက်ကြမ်းကြုတ်မှုကြီးများ ကျူးလွန်နေသည့် စစ်အုပ်စုတပ်ဖွဲ့ဝင်များကို စစ်ရေးလေ့ကျင့်ပေးခြင်းအားဖြင့် ရုရှားသည် အဆိုပါ ရာဇဝတ်မှုများကို အားပေးကူညီလျက်ရှိသည်။

Justice For Myanmar အနေဖြင့် ရုရှားနိုင်ငံ၏ ဆက်လက်ကြံရာပါပတ်သက်နေမှုများအပေါ် ရှုတ်ချလိုက်ပြီး၊ တာဝန်ခံမှု ရှိစေရန် တောင်းဆိုသည်။

အစိုးရများအနေဖြင့် အရေးယူပိတ်ဆို့ခံထားရသော Astra Group ကဲ့သို့သော ရုရှားကုမ္ပဏီများကို အနောက်အုပ်စု၏ ပိတ်ဆို့အရေးယူမှုများမှ ရှောင်လွှဲနိုင်စေရန် စီးပွားရေးအခွင့်အလမ်းသစ်များ ပေးအပ်နေသည့် တရားမဝင် မြန်မာစစ်အုပ်စုမှတစ်ဆင့် အရှေ့တောင်အာရှတွင် ခြေကုပ်ယူရန် ကြိုးပမ်းနေသော ရုရှ၏ လုပ်ရပ်များကို တုံ့ပြန်ရန်နှင့် စစ်အုပ်စု၏ နိုင်ငံတကာရာဇဝတ်မှုများတွင် ရုရှား၏ ကြံရာပါပတ်သက်နေမှုများကို ဆန့်ကျင်ရပ်တည်ရန် လိုအပ်သည်။

အီးယူ၊ ယူကေနှင့် ဩစတြေးလျတို့အနေဖြင့် အမေရိကန်နှင့် ကနေဒါတို့၏ လုပ်ဆောင်မှုအတိုင်း Astra Group ကို ဒဏ်ခတ်ပိတ်ဆို့ရန်၊ Astra Consulting အပေါ် ဒဏ်ခတ်ပိတ်ဆို့မှုအသစ်များ ချမှတ်ရန်၊ စစ်

အုပ်စုနှင့် ၎င်း၏ စစ်လက်နက်၊ ဘဏ္ဍာငွေနှင့် လေယာဉ်ဆီရောင်းချထောက်ပံ့သူများ အပေါ် ပစ်မှတ်ထား ဒဏ်ခတ်ပိတ်ဆို့မှုများ အရေးပေါ်ချမှတ်ရန် Justice For Myanmar က တောင်းဆိုသည်။

အမေရိကန်၊ ယူကေ၊ ကနေဒါနှင့် အီးယူတို့အနေဖြင့် ယခု အမည်သစ် ပြောင်းလဲထားပြီးဖြစ်သည့်၊ စစ်အုပ်စု၏ ယခင် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးအဖွဲ့ဖြစ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) အပေါ် ချမှတ်ထားသော လက်ရှိဒဏ်ခတ်ပိတ်ဆို့မှုများကို အဆင့်မြှင့်တင် မွမ်းမံပြင်ဆင်ရန် လိုအပ်သည်။

အာဆီယံအနေဖြင့် တရားမဝင်စစ်အုပ်စုအား တရားဝင်မှု ပေးနေခြင်းကို ရပ်တန့်ရမည်ဖြစ်ပြီး၊ အစည်းအဝေးများနှင့် အခမ်းအနားအားလုံးမှ စစ်အုပ်စုကို ပိတ်ပင်ရမည်ဖြစ်သည်။

စစ်အုပ်စုက Astra Group ကို စာချုပ်ပေးအပ်လိုက်ခြင်းသည် အာဆီယံ၏ Single Window စနစ်သာမက၊ ပိုမိုကျယ်ပြန့်သော ဒေသတွင်းလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တို့အပေါ်တွင်ပါ ၎င်းတို့က မည်မျှ ခြိမ်းခြောက်နေကြောင်းကို ပြသနေသည်။

**Justice For Myanmar ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** "မြန်မာစစ်အုပ်စုဟာ ရုရှားအပေါ် ချမှတ်ထားတဲ့ အနောက်နိုင်ငံတွေရဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေကို ထိခိုက်ပျက်ပြားအောင် လုပ်ဆောင်ပေးနေသလို၊ ရုရှားအစိုးရကလည်း မြန်မာနိုင်ငံအပေါ် ချမှတ်ထားတဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေကို ထိခိုက်ပျက်ပြားအောင် လုပ်ဆောင်နေပါတယ်။

ရုရှားစစ်တပ်က အသုံးပြုနေတဲ့ ဆော့ဖ်ဝဲကို ထုတ်လုပ်ထားပြီး၊ ဒဏ်ခတ်ပိတ်ဆို့ ခံထားရတဲ့ ကုမ္ပဏီတစ်ခုဟာ အခုဆိုရင် မြန်မာနိုင်ငံရဲ့ သွင်းကုန်၊ ပို့ကုန်အားလုံး ဖြတ်သန်းသွားမယ့် စနစ်တစ်ခုကို တည်ဆောက်တော့မှာ ဖြစ်ပါတယ်။

ဒါဟာ အာဆီယံအပြင်၊ ရုရှားရဲ့ စစ်ဘက်စက်မှုလုပ်ငန်းအခြေခံတွေအပေါ် ဒဏ်ခတ်ပိတ်ဆို့ထားတဲ့ အစိုးရတိုင်းအတွက် အလွန်စိုးရိမ်ဖွယ်ရာ ဖြစ်သင့်ပါတယ်။

မင်းအောင်လှိုင်နဲ့ ပူတင် နှစ်ဦးစလုံးက ဒဏ်ခတ်ပိတ်ဆို့ခံထားရတဲ့ စစ်ရာဇဝတ်ကောင်တွေဖြစ်ပြီး၊ ရာဇဝတ်မှုကျူးလွန်ရာမှာ မိတ်ဖက်တွေလည်း ဖြစ်ပါတယ်။ သူတို့နှစ်ဦးစလုံးက ပြည်သူပိုင်ပစ္စည်းတွေကို အကြီးအကျယ် လုယက်ခိုးယူနေကြပြီး၊ ကိုယ့်ကိုယ်ကိုယ် ချမ်းသာကြွယ်ဝအောင်လုပ်နေရင်း တချိန်ထဲမှာပဲ အစုလိုက်အပြုံလိုက် ရက်စက်ကြမ်း ကြုတ်မှုကြီးတွေကို ကျူးလွန်နေကြပါတယ်။

ယူကရိန်းအပေါ် ကျူးကျော်စစ် ဆင်နွှဲနေတဲ့ ရုရှားအစိုးရကိုယ်တိုင်ကပဲ မြန်မာပြည်သူတွေအပေါ် တိုက်ခိုက်မှုတွေ အရှိန်မြှင့်တင်နိုင်ဖို့အတွက် တရားမဝင်စစ်အုပ်စုကို ပံ့ပိုးကူညီနေတာဖြစ်သလို၊ စစ်အုပ်စုတပ်တွေနဲ့ ရက်စက်ကြမ်းကြုတ်မှုနည်းလမ်းတွေကိုလည်း ဖလှယ်နေကြပြီး၊ မသမာစီးပွားရေးလုပ်ငန်းတွေကတစ်ဆင့် မြန်မာပြည်သူတွေရဲ့အသက်သွေးတွေကနေ အကျိုးအမြတ်တွေ ရယူနေပါတယ်။

အစိုးရတွေအနေနဲ့ မြန်မာစစ်အုပ်စုအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုအသစ်တွေကို ဟန်ချက်ညီ ညှိနှိုင်းတိုးမြှင့်ချမှတ်ဖို့ နဲ့ Astra Group နဲ့ Astra Consulting တို့အပါအဝင် ရုရှားနဲ့ စစ်အုပ်စုကြား ဆက်နွှယ်မှုတွေ ပိုမိုနက်ရှိုင်းအောင် အထောက်အကူပြုနေသူတွေကို ပစ်မှတ်ထား အရေးယူမှုတွေ တိုးမြှင့်လုပ်ဆောင်ဖို့ အချိန်တန်နေပြီ ဖြစ်ပါတယ်” ဟု ပြောကြားခဲ့သည်။

**ပိုမိုသိရှိရန်**

Justice For Myanmar သည် သုတေသနပြုလေ့လာခြင်း၊ ဒေတာအချက်အလက်များကို ပုံဖော်ခြင်းနှင့် အစီရင်ခံခြင်းတို့ဖြင့် ရက်စက်ကြမ်းကြုတ်မှု၊ စစ်ရာဇဝတ်မှုများနှင့် ကျယ်ပြောလှသည့် အတိဒုက္ခရောက်မှုများမှ အကျိုးအမြတ်ရရှိနေသော ကုမ္ပဏီများနှင့် ရာဇဝတ်ကောင်များကို ဖော်ထုတ်ရန်အတွက် ဆောင်ရွက်နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်သည်။

**media@justiceformyanmar.org** | **https://www.justiceformyanmar.org/**
**https://bsky.app/profile/justiceformyanmar.org** |
**https://www.facebook.com/justiceformyanmar.org/**